အသုံးပြုပုံလမ်းညွှန်

# USER MANUAL

## QUICK REFERENCE GUIDE

Model # M-1 and M-2




စက်ကိုအသုံးမပြုမီ အညွှန်းကို အရင်ဖတ်ပါ။

MyanmarOke

HARD-DISK KARAOKE SYSTEM

# Remote Control ပေါ်မှ ခလုတ်များ အသုံးပြုပုံ




✷ DVD Source (KTV VOD) ကို အရင်ရွေးပြီးမှ Eject လုပ်ပါ။ M-2 စက်တွင်သာ အသုံးပြုနိုင်ပါမည်။

အဆိုတော်၏ အသံကိုဖျောက်၍ တီးလုံးသံ သီးသန့် ဖွင့်လိုပါက VOCAL ခလုတ်ကိုနှိပ်ပါ။






## (၁) ဗွီဒီယိုကြိုးများ မှန်ကန်စွာ တပ်ဆင်ပါ။

ပထမဆုံး စတင်အသုံးမပြုမီ ကာရာအိုကေစက်နှင့် TV ကို ကြိုးများ မှန်ကန်စွာ တပ်ဆင်ပါ။ အရောင် သုံးရောင်ကြိုး သို့မဟုတ် HD Component ကြိုး အဆင်ပြေရာ သုံးနိုင်ပါသည်။ ပြီးလျှင် ကာရာအိုကေစက်ကိုဖွင့်ပြီး တစ်မိနစ်ခန့် စောင့်ပါ။ "Reading Database.." စာတန်း အရင်ပေါ်လာပြီး အဆင်သင့်ဖြစ်သည့် အကြောင်း ပြောပါလိမ့်မည်။ (M-1 စက်တွင် MIC ထည့်ရန် အပေါက် မပါသည့်အတွက် အသံ Mixer တစ်ဆင့်ခံ၍ မိုက်ကရိုဖုန်းကို သုံးရပါမည်)

## (၂) သီချင်းရှာခြင်း

MENU ခလုတ်ကိုနှိပ်၍ သီချင်းနာမည်၊ အဆိုတော်နာမည်၊ စာအုပ်မှနံပတ်၊ အယ်လ်ဘန်အမည် မိမိနှ စ်သက်သလို ရှာဖွေနိုင်ပါသည်။ မြန်မာစာဖြင့် အလွန်လွယ်ကူရှင်းလင်းသော အညွှန်းကို တွေ့ရပါလိမ့်မည်။ "MENU" ကို တစ်ချက်ပြန်နှိပ်လိုက်လျှင် ပေါ်နေသော အညွှန်းစာမျက်နှာ ပြန်ပိတ်သွားပါမည်။




## (၃) မြန်မာလို ရိုက်နှိပ်၍ရှာဖွေခြင်း

သီချင်းအမည်၊ အဆိုတော်အမည်၊ အယ်လ်ဘန်အမည်များကို မြန်မာလိုရိုက်၍ ရှာဖွေလိုလျှင် ဥပမာ အဆိုတော် ဇော်ပိုင် ကို ရှာမည် ဆိုပါစို့။ MENU နှိပ်ပြီး 2 ကိုနှိပ်ပါ။ (Remote ပေါ်မှ ARTIST ခလုတ်ကို နှိပ်လျှင်လည်း ရပါသည်)

ပြီးလျှင်အမည်စာလုံးပေါင်းကို "08" "21" နှိပ်၍ "ဇပ" ဟု ရှာရပါမည်။ 08 နှိပ်လျှင် "ဇ" ထွက်လာမည်ဖြစ်ပြီး 21 နှိပ်လျှင် "ပ" ထွက်လာပါမည်။ ပြီးလျှင် ENTER နှိပ် လိုက်ပါက ဇော်ပိုင် ပေါ်လာပြီး ၄င်းကို ထပ်နှိပ်လိုက်ပါက သူ ၏ သီချင်းများ အားလုံးထွက်လာပါမည်။ မိမိနှစ်သက်ရာ သီချင်း ကို ရွေး၍ "**ENTER**" ခလုတ်ကိုနှိပ်လိုက်လျှင် သီချင်း စ လာပါမည်။ လောလောဆယ်သီချင်း ဖွင့်ထားဆဲ ဆို လျှင် အလို အလျောက် နောက်တစ်ပုဒ် အဖြစ် တန်းစီ ပေးပါမည်။ ထိုနည်းအတိုင်းပင် သီချင်းပေါင်း များစွာကို တန်းစီထား နိုင်ပါသည်။




## (၄) သီချင်းအမျိုးအစားအလိုက် ရှာဖွေခြင်း

MENU ကိုနှိပ်ပြီး **6.သီချင်းအမျိုးအစား** ကိုနှိပ်ပါက (၁)ခေတ်ပေါ်တေး (၂)စုံတွဲတေး (၃)မြန်မာသံစဉ် (၄)ကလေးသီချင်း

(၅)သကြန်သီချင်းများ ဟု ပိုမိုလွယ်ကူစွာ ရှာနိုင်ရန် ကဏ္ဍထပ်ခွဲထားပါသေးသည်။

## (၅) သီချင်းများတန်းစီခြင်း နှင့် ပြန်ဖျက်ခြင်း

တစ်ဖက်စာမျက်နှာမှ နည်းအတိုင်း သီချင်းများကို ရှာ၍ တန်းစီထားနိုင်သလို စာအုပ်မှ နံပတ်များအတိုင်း နှိပ်၍ INSERT ခလုတ်ကို နှိပ်ပြီးလည်း သီချင်းများ တန်းစီထားနိုင်ပါသည်။ တန်းစီထားသော သီချင်းနံပတ်များသည် တီဗွီ၏ ဘယ်ဖက် အပေါ်ဆုံးတွင် ပေါ်နေပါလိမ့်မည်။ မိမိတန်းစီထားသော သီချင်းများကို ပြန်လည် သိရှိလိုပါလျှင် SELECTED ခလုတ်ကို နှိပ်ပါ။

တန်းစီထားသော သီချင်းအချို့ပြန်ဖျက်လိုပါလျှင် SELECTED ခလုတ်ကိုနှိပ်ပါ။ ဖျက်လိုသော သီချင်းကိုရွေး၍ DEL ကို နှိပ်ပါ။

### သတိပြုရမည့်အချက်များ

- Remote control ကိုမသုံးမီ ဓါတ်ခဲကိုအရင်ထည့်ပါ။ အသုံးပြုလျှင် Remote နှင့် စက်ကို အတတ်နိုင်ဆုံး သေချာချိန်ရွယ်၍ သုံးပါ။ Remote အလုပ်မလုပ်ဟု ထင်ပါက ဓါတ်ခဲများ အားရှိမရှိ၊ နေရာမှန် မမှန် ပြန်စစ်ပါ။
- DVD/SD/USB သုံးလိုလျှင် လက်ရှိဖွင့်ထားသော KTV မှ သီချင်းများကို လုံး၀ "STOP" ရပ်ပေးရပါမည်။ ပြီးလျှင် ရီမုတ်အပေါ်ဆုံးမှ အနီရောင် KTV VOD ခလုတ် ကိုနှိပ်၍ မိမိသုံးလိုသော အစိတ်အပိုင်းကို ရွေးပါ။ KTV VOD
- ဤစက်သည် ကွန်ပျူတာ Hard-Disk ကို အခြေခံ၍ ပြုလုပ်ထားပါသည်။ စက်ကို ချက်ချင်းပိတ်၊ ချက်ချင်းဖွင့်၊ အလျင်စလို လုပ်ခြင်း အထူးသတိပြုရှောင်ပါ။ ပြုတ်ကျခြင်း၊ ထုနက်ခြင်းမျိုး ရှောင်ပါ။ သံလိုက်အားကောင်းသော Speakers များပေါ်သို့ စက်ကို တင်ခြင်း၊ စက်ပေါ်သို့ Speakers လေးများတင်ခြင်းရှောင်ပါ။
- Surge Proctor ပါသော ကြားခံ (Electric Extension Cords) လျှပ်စစ်ကြိုးများ ခံ၍ အသုံးပြုရန် အကြံပြုလိုပါသည်။ ၁၀ ဒေါ်လာလောက် နှင့်ပင် Wal Mart တွင် ဝယ်ယူရရှိနိုင်ပါသည်။

**ဆက်သွယ်ပါ**

အကူအညီလိုအပ်၍ မေးခွန်းများရှိလျှင် ဖြစ်စေ၊ အကြံဉာဏ် ပြုလိုလျှင်ဖြစ်စေ၊

www.myanmaroke.com

Web site သို့ လာရောက်၍ Contact Form မှ တစ်ဆင့် ဆက်သွယ်နိုင်ပါသည်။